အာဗြဟံ၊ လွတ်ကောက်နှင့် ယာကုပ်၏ ဘုရားသခင်

(Saturday—First Morning Session)

Message Seven

ရွေးချယ်ခံရခြင်း၊ ဆက်ဆံဖြေရှင်းခံရခြင်းနှင့် ချီးဖွဲ့ခံရခြင်း

ဖတ်ရန်ကျမ်း။ ။ ကၠာဒံုး-၂၃။ ၃၁း၃၈-၄၁။ ၃၂း၂၂-၃၂။ ၃၄း၃၀

I. ယာကုပ်သည် ဘုရားသခင်အားဖြင့် ရွေးချယ်ခံခဲ့ရသည်။ ထို့ကြောင့် ယာကုပ်တွင် ဘုရားသခင်၏ ရွေးချယ်ခြင်းကို ကျွန်ုပ်တို့ မြင်တွေ့ရသည် - ကၠာဒံုး၂၁-၂၆။ ရော၉း၁၁။

A. ဘုရားသခင်သည် ယာကုပ်ကို ချစ်ပြီး၊ သူ့ကို ရွေးချယ်ခဲ့သည် - အငယ်၊၁၃။ မာလ၊၁း၂။ ဧ၊၁း၄။ ၂း၄။

B. ယာကုပ်သည် သူမမွေးဖွားခင်၊ မြေကြီးတိုက်မြစ်ကိုမချမီကပင် ရွေးချယ်ခံခဲ့ရသည် - ကၠာဒံုး၂၅-၂၃။ ဧ၊၁း၄။

1. ယာကုပ်သည် ဘုရားသခင်အားဖြင့် ရွေးချယ်ခံခဲ့ရသည်။ ယင်းသည် မိမိ၏ကိုယ်ပိုင်အလုပ်အားဖြင့် မဟုတ်သလို မိမိ၏ ရုန်းကန်ကြိုးစားမှုနှင့် အားထုတ်မှုကြောင့်လည်းမဟုတ်ပေ - ကၠာဒံုး၂၅-၂၃၊ ၂၆။
2. ယာကုပ်၏ ရွေးချယ်ခံရခြင်းသည် ခေါ်တော်မူသော ဘုရားသခင်၊ ကရုဏာတော်ရှိသော ဘုရားသခင်နှင့် ဘုရားသခင်၏ ကျေးဇူးတော် အကြောင်းအရာ ဖြစ်သည် - ရော၉း၁၁။

C. ယာကုပ်ကဲ့သို့ ကျွန်ုပ်တို့သည် ကမ္ဘာမတည်မရှိမီကပင် ရွေးချယ်ခြင်း၊ ရွေးကောက်ခြင်း ခံခဲ့ရပြီးဖြစ်သည် - ဧ၊၁း၄။ ၂သက်၊ ၂း၁၃။ ယော၊၁၅း၁၆က။

1. ခရစ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင် ရွေးချယ်ခဲ့သည့် နယ်ပယ်အဝန်းဖြစ်သည် - ဧ၊၄း၁။
2. ဘုရားသခင်သည် ကျွန်ုပ်တို့အား ရှေးမဆွကသိတော်မူသည့်အတိုင်း ရွေးချယ်ခဲ့သည် - ၁ပေ၊၁း၂။ ရော၊၈း၂၉။
3. ဘုရားသခင်၏ရွေးချယ်ခြင်းသည် ကိုယ်တော်၏ အုပ်စိုးခြင်း ကရုဏာတော်အပေါ်တွင် မူတည်နေသည်။ ဘုရားသခင် အားဖြင့် ရွေးချယ်ခံရသည့် ကျွန်ုပ်တို့အနေဖြင့် ကိုယ်တော်ကို ကျေနပ်စေနိုင်မည့်အချက်သို့ ကိုယ်တော်သည် ကျွန်ုပ်တို့ အား ခေါ်ဆောင်လိမ့်မည်ဖြစ်ကြောင်း ကိုယ်တော်အပေါ် မိမိကိုယ်ကို ယုံကြည်ပုံအပ်ထားသင့်သည် - ဧး၁၁-၁၃၊ ၁၆။
4. ဘုရားသခင်သည် ထာဝရအတိတ်က ကျွန်ုပ်တို့ကို ရွေးချယ်ခြင်းနောက်၌ ကိုယ်တော်၏ကြိုတင်ခွဲခန့်မှတ်သားခြင်းနှင့် အချိန်တန်သောအခါ ကျွန်ုပ်တို့ကို ခေါ်တော်မူခြင်းတို့ ဆက်လိုက်လာသည် - ၈း၂၈-၂၉။ ဧ၊၁း၅။
5. ကျွန်ုပ်တို့သည် ဘုရားသခင်၏အကြံအစည်တော်အတွက် ရွေးချယ်ခြင်းနှင့် ခေါ် ခြင်းခံရကြပြီဖြစ်သည် - ရော၉း၁၁။ ၂တိ၊၁း၉။
    a. ကမ္ဘာဦး ၁း၂၆ တွင် လူကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်မှာ လူသည် ကိုယ်တော်၏ပုံသဏ္ဌာန်တော်၌ ကိုယ်တော်ကို ထင်ရှားရန်နှင့် ကိုယ်တော်၏ အုပ်စိုးခြင်း၌ ကိုယ်တော်ကို ကိုယ်စားပြုရန်ဖြစ်ကြောင်း ဖွင့်ပြထားသည်။
    b. ယာကုပ်အတွက် ဘုရားသခင်၏ အကြံအစည်တော်မှာ သူသည် ဘုရားသခင်၏မင်းသားအဖြစ်သို့ အဆင်းသဏ္ဌာန်ပြောင်းလဲကာ၊ ကိုယ်တော်ကို ထင်ရှားရန် ကိုယ်တော်၏ပုံသဏ္ဌာန်တော်ဆောင်ခြင်းနှင့် ကိုယ်တော်ကို ကိုယ်စားပြုရန် ကိုယ်တော်၏အခွင့်အာဏာကို လေ့ကျင့်နိုင်သည်အထိ သူ့ကို ဆက်ဆံဖြေရှင်းရန်ဖြစ်သည်၊ ဤသည်မှာ ဘုရားသခင်၏ပန်းတိုင်ဖြစ်သည် - ၄၇း၇၊ ၁၀။

II. ယာကုပ်၏အသက်တာသည် ဘုရားသခင်၏ ဆက်ဆံဖြေရှင်းခြင်းကို ကိုယ်စားပြုသောအသက်တာ ဖြစ်ပြီး၊ ယာကုပ်၏ ဘုရားသခင်သည် ဆက်ဆံဖြေရှင်းသော ဘုရားသခင် ဖြစ်သည် - ၃၁း၃၈-၄၁။

A. ယာကုပ်သည် သူ့အသက်တာ တစ်လျှောက်လုံးတွင် ရုန်းကန်ခြင်းအသက်တာကို အသက်ရှင်ရန် ဘုရားသခင်သတ်မှတ်ထားခဲ့သည်။ သူ၏မိခင်ဝမ်းမှ သူ့အသက်တာအဆုံးတိုင်အောင် သူသည် ရုန်းကန်နေခဲ့ရသည် - ၂၅း၂၂-၂၆။ ၂၇း၁-၂၉၊ ၄၁-၄၆။ ၂၈း၁-၅။ ၂၉း၁ - ၃၀း၄၃။

B. ယာကုပ်၏ အသက်တာနှင့် အတွေ့အကြုံ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ဆက်ဆံဖြေရှင်းခြင်းကို မြင်ရသည် - ၂၅:၁၉-၃၂:၂၁။

1. ဘုရားသခင်၏ ချုပ်ချာအုပ်စိုးမှုအောက်၌ ယာကုပ်၏ အသက်တာအတွက် ဝန်းကျင်အခြေအနေများကို စီစဉ်ပေးခဲ့သည်။ ဘုရားသခင်၏ ချုပ်ချာတော်မူသော လက်တော်သည် ယာကုပ်ကို ဆက်ဆံဖြေရှင်းရန် သူ့အပေါ် ရှိနေသည်။
2. ယာကုပ်ကို ဘုရားသခင် ဆက်ဆံဖြေရှင်းခြင်းမှာ အပြစ်စီရင်ခြင်းမဟုတ်ပေ။ ထိုအစား ယင်းမှာ ယာကုပ်သည် အစွမ်းရေး အဖြစ်သို့ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ဖြစ်သည် - အင်္ဂ၊၂၈။
3. ဘုရားသခင်၏ အုပ်စိုးမှု အောက်တွင် ဝန်းကျင်အခြေအနေများ၌ ဒုက္ခခံစားရခြင်းများနှင့် ဘုရားသခင်၏ တိုက်ရိုက် ဆက်ဆံဖြေရှင်းခြင်းမှတစ်ဆင့် ယာကုပ်သည် ပုံသဏ္ဌာန်ပြောင်းလဲကာ ရင့်ကျက်လာပြီး၊ သူသည် အစွမ်းရေးဖြစ်လာခဲ့သည် - ၃၅:၁၀။

C. ယာကုပ်၏ သမိုင်းကြောင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်း ရုပ်ပုံကားချပ်ဖြစ်သည် - ၄၇:၉။ ၄၈:၁၅-၁၆က။ ဟေဗြဲ၊၁၂:၉-၁၁။

1. သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့၏ပတ်ဝန်းကျင်၌ လုပ်ဆောင်ခဲ့သောအရာ၊ ကျွန်ုပ်တို့အား ထိန်းသိမ်းကြပ်မတ်ပေးသည့် လူများ၊ အရာများ၊ အဖြစ်အပျက်များအားလုံးကို ကိုယ်တော်စီစဉ်ညွှန်ကြားခြင်းအား ရည်ညွှန်းထားသည် - ရော၊၈း၂၈။
2. သန့်ရှင်းသောဝိညာဉ်တော်၏ ကြပ်မတ်ပေးခြင်းမှတစ်ဆင့် ဘုရားသခင်သည် ကျွန်ုပ်တို့၏လူဟောင်းကို လုံးဝ ချွတ်ခွာကာ၊ ထိုသို့ဖြင့် ဖန်ဆင်းခြင်းအသစ်၏ ဒြပ်သဘာဝသည် ကျွန်ုပ်တို့၌ တည်ဆောက်ခံရနိုင်မည်ဖြစ်သည်။
3. ကျွန်ုပ်တို့၏ ဇာတိအသက်တာသည် သန့်ရှင်းသောဝိညာဉ်တော်၏ ထိန်းသိမ်းကြပ်မတ်ပေးခြင်းမှတစ်ဆင့် ဆက်ဆံဖြေရှင်းခံရသည့်အခါ ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ စေ့စပ်ထုံဖွဲ့နိုင်မည်ဖြစ်သည် - ဂလ၊၄:၁၉။ ဧဖ၊၁:၁၃က။
4. ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ အရာတိုင်းနှင့် လူတိုင်းသည် ကျွန်ုပ်တို့၏ ပုံသဏ္ဌာန်ပြောင်းလဲခြင်းအတွက် ဘုရားသခင် အသုံးပြုသော ချုပ်ချာတော်မူခြင်း၏ တန်ဆာပလာများ ဖြစ်သည် - ရော၊၈း၂၈။

III. ကမ္ဘာဦး ၃၂း၂၂-၃၂ သည် ယာကုပ်၏ အသက်တာ - သူ၏ ကျိုးပဲ့ကြေမွခြင်း၌ အခရာကျသော၊ အရေးကြီးသော အတွေ့အကြုံနှင့် ဆက်နွယ်နေသည်။

A. သခင်ဘုရားသည် ယာကုပ်နှင့် နပန်းလုံးခဲ့ခြင်းမှာ သူ၏ဇာတိအသက်သည် မည်မျှရှိကြောင်းနှင့် သူ၏ဇာတိခွန်အားသည် မည်မျှကြီးမားကြောင်း ထုတ်ဖော်ပေးရန်အလို့ငှာ ဖြစ်သည် - အင်္ဂ၊၂၄။

1. သခင်ဘုရားသည် "ယာကုပ်၏ပေါင်ချန် အကြောကို ထိုး"ခဲ့သည် (အင်္ဂ၊၃၂)။ ခန္ဓာကိုယ်၌ အသန်မာဆုံးအပိုင်း ဖြစ်သည့် ယာကုပ်၏ပေါင်ချန်အကြောကို ထိုးခဲ့ခြင်းမှာ ယာကုပ်၏ဇာတိအသက်၊ ဇာတိခွန်အားကို ချိုးဖဲ့ခြင်းကို ရည်ညွှန်းသည် - အင်္ဂ၊၂၅။
2. ယာကုပ်သည် ဘုရားသခင်အားဖြင့် ချိုးဖဲ့ခံရပြီးနောက် အပြင်ပန်း၌ သူ၏အပြင်ပိုင်းသည် ယခင်ကအတိုင်း အတူတူဖြစ်သော်လည်း အတွင်းပိုင်း၌မူ သူ၏ဇာတိအသက်သည် ဆက်ဆံဖြေရှင်းခြင်းခံရပြီးဖြစ်သည်။ သခင်ဘုရား ချိုးဖဲ့ခဲ့သောအရာမှာ အပြင်ပိုင်း အသက်ရှင်ခြင်းကိုမဟုတ်ဘဲ၊ အတွင်းပိုင်း ဇာတိခွန်အားကို ကိုယ်တော်က ချိုးဖဲ့ခဲ့ခြင်းဖြစ်သည် - ၃၃း၁-၄။ ၃၂း၂၅၊ ၃၂။

B. ယာကုပ်၏အတွေ့အကြုံက ဘုရားသခင်သည် ကျွန်ုပ်တို့၏ ဇာတိအသက်ကို ချိုးဖျက်ရန် လိုအပ်ကြောင်း၊ ပြင်းထန်သော နည်းလမ်း၌ ကျွန်ုပ်တို့၏ဇာတိအသက်ကို ချိုးဖျက်ရမည်အကြောင်းကို ဖော်ပြပေးနေသည် - အင်္ဂ၊၂၂-၃၂။

1. ဘာသာတရား၏နည်းလမ်းသည် လူ၏ အပြင်ပိုင်းအပြုအမူကို ပြောင်းလဲစေရန် ဖြစ်သည်။ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏နည်းလမ်းမှာ လူ၏အတွင်းပိုင်းအသက်ကို ချိုးဖဲ့ကာ သူ၏အတွင်းပိုင်းဖြစ်ခြင်းကို ပြောင်းလဲရန် ဖြစ်သည် - ၂ကော၊၄:၁၆။
2. သခင်ဘုရားက ကျွန်ုပ်တို့၏ အရေးကြီးသော အပိုင်းကို ချိုးဖဲ့သောအခါ ကျွန်ုပ်တို့သည် ခြေထော့နဲ့သောသူဖြစ်လာပြီး၊ ကျွန်ုပ်တို့၏အတွင်းဖြစ်ခြင်း၌ အရင်ကနည်းတူ မဖြစ်နိုင်တော့ပေ။ ထိုနောက်မှ ကျွန်ုပ်တို့သည် အကောင်းပကတိ မဖြစ်တော့ဘဲ ထော့နဲ့ထော့နဲ့ဖြစ်လာသည် - က၊၃၂း၂၅၊ ၃၁။

C. ယုံကြည်သူ အယောက်စီတိုင်းသည် အပြင်လူချိုးဖဲ့ခြင်းကို တွေ့ကြုံခံစားရန် လိုအပ်သည် - ဟေဗြဲ၊၄း၁၂။

1. ခရစ်တော်သည် စိတ်၌ အကျဉ်းကျခံရခြင်းမှ လွတ်မြောက်နိုင်ရန် ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ကြေမွရမည်ဖြစ်သည် - ဧ၊၃း၁၆-၁၇။
2. ဝိညာဉ်လွတ်မြောက်နိုင်ရန်အတွက် ကျွန်ုပ်တို့၏အပြင်လူသည် ကျိုးပဲ့ကြေမွရန် လိုအပ်သည် - ဟေဗြဲ၊၄း၁၂။
3. ကျွန်ုပ်တို့အတွင်းမှ ဘုရားသခင်၏ အသက် စင်ကြယ်စွာ စီးဆင်းခြင်းအလို့ငှာ ကျွန်ုပ်တို့သည် ကျိုးပဲ့ကြေမွရမည်ဖြစ်သည် - ယော၊၁၂း၂၄-၂၆။ ၁၉း၃၄။ ၇း၃၇-၃၉။ ထွ၊၁၇း၆-၇။
   a. ကောရိန္သုဒုတိယစာ ၄း၁၂ ၌ ပြောဆိုထားသော ကျွန်ုပ်တို့အတွင်း၌ သေခြင်း၏ပြုပြင်လုပ်ဆောင်ခြင်းသည် ကျွန်ုပ်တို့၏ ဖြစ်ခြင်း ကျိုးပဲ့ကြေမွခြင်းဖြစ်သည်။
   b. သခင်ဘုရားသည် ကျိုးပဲ့ကြေမွသောထည့်စရာခွက်များကို အသက်ရေ၏ စီးကြောင်းဖြစ်လာစေရန် အလိုတော်ရှိသည်။ ကျွန်ုပ်တို့ကျိုးပဲ့လေလေ၊ ဘုရားသခင်၏အသက်သည် ကျွန်ုပ်တို့အတွင်းမှ စီးဆင်းလေလေဖြစ်သည် ယော၊၁၂း၂၄-၂၆။
4. ကျွန်ုပ်တို့စိတ်၏ အစိတ်အပိုင်းတိုင်းသည် ဘုရားသခင်အားဖြင့် ချိုးဖဲ့ခြင်းကို ခံရန် လိုအပ်သည် - မ၊၁၆း၂၄-၂၅။
   a. စိတ်ကို ကျိုးပဲ့စေရန်ဆိုသည်မှာ ကျွန်ုပ်တို့သည် အသိဉာဏ်ကိုအသုံးမပြုတော့၊ ခံစားမှုကိုမဖော်ပြတော့ သို့မဟုတ် အလိုဆန္ဒကို မလေ့ကျင့်တော့ပါဟု ဆိုလိုခြင်းမဟုတ်ပါ - ၁သက်၊၅း၂၃။
   b. ကျွန်ုပ်တို့၏အသိဉာဏ်၊ ခံစားမှု၊ အလိုဆန္ဒတို့သည် အလုပ်လုပ်နေဆဲဖြစ်သည်၊ သို့သော် ၎င်းတို့သည် ကျိုးပဲ့ခဲ့ပြီ၊ ဆက်ဆံဖြေရှင်းခြင်း၊ ရယူသိမ်းပိုက်ခြင်းခံရကာ ကျွန်ုပ်တို့၏ဝိညာဉ်ကို နာခံခြင်းရှိပြီဖြစ်သည် - ၂ကော၊၄း၁၆။ ဧ၊၄း၂၃။ ၂တိ၊၁း၇။
5. "လွန်စွာအဖိုးထိုက်တန်သောဆီမွှေး" ပါဝင်သော "အဖိုးထိုက် လှသော နာဒုဆီမွှေးဗူး" သည် ကျိုးပဲ့ခြင်းခံရမည်ဖြစ်သည်၊ သို့မှသာ နာဒုဆီမွှေးသည် ထွက်ပေါ်လာကာ တစ်အိမ်လုံးသည် "ဆီမွှေး၏ရနံ့ဖြင့် ပြည့်ဝစွာ" မွှေးကြိုင်နိုင်မည်ဖြစ်သည် - မာ၊၁၄း၃။ မ၊၂၆း၇။ ယော၊၁၂း၃။
   a. ဆီမွှေးဗူး (အပြင်လူ) သည် ကျိုးပဲ့ခြင်းမရှိပါက နာဒုဆီမွှေးသည် လွတ်မြောက်ခြင်းရှိနိုင်မည်မဟုတ်ပါ - မာ၊၁၄း၃။
   b. ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကာကွယ်ခြင်း၊ ဆီမွှေးဗူးကို ဆီမွှေးထက် တန်ဖိုးထားခြင်းမပြုသင့်ပေ။ ကျွန်ုပ်တို့၏ အပြင်လူ ကို ကျွန်ုပ်တို့၏အတွင်းလူထက် ပို၍ တန်ဖိုးထားခြင်းမပြုသင့်ပေ - မ၊၂၆း၇။ ၂ကော၊၄း၁၆။
   c. ကျွန်ုပ်တို့၏အပြင်ပိုင်းသည် ကျိုးပဲ့ခြင်းမခံလျှင် အတွင်းပိုင်းသည် လွတ်မြောက်ခြင်း ရှိနိုင်မည်မဟုတ်ပါ။ ဤအရာသည် ကျွန်ုပ်တို့၏အခြေအနေ ဖြစ်နေမည်ဆိုပါက ကျွန်ုပ်တို့ရှေ့ဆက်သွားရန် နည်းလမ်းမရှိနိုင်သကဲ့သို့ အသင်းတော်သည်လည်း ရှေ့ဆက်သွားရန် နည်းလမ်းမရှိနိုင်ပေ - ယော၊၁၂း၃။
6. ဘုရားသခင်သည် ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ လုပ်ဆောင်ခြင်း၌ ကျွန်ုပ်တို့၏ အပြင်လူသည် ကျိုးပဲ့ခြင်း ရှိရမည်ဖြစ်သည် - ဧ၊၃း၁၆-၁၇က။
7. ကျိုးပဲ့ခြင်းသည် တည်ဆောက်ခြင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည် - မ၊၁၆း၁၈။ ဧ၊၄း၁၆။
   a. အသင်းတော်သည် တည်ဆောက်ခြင်းရှိနိုင်ရန်အတွက် ကျွန်ုပ်တို့သည် အပြင်လူကျိုးပဲ့ခြင်းကို တွေ့ကြုံခံစားရန် လိုအပ်သည် - ၂း၂၁-၂၂။
   b. ကျွန်ုပ်တို့သည် အခြားသူများနှင့်အတူ ညှိနှိုင်းလုပ်ဆောင်မည်ဆိုပါက ကျွန်ုပ်တို့သည် ကျိုးပဲ့ခြင်းခံရန် အလိုဆန္ဒရှိရမည်ဖြစ်သည်။ ကျိုးပဲ့ခြင်းမရှိပါက အတူညှိနှိုင်းလုပ်ဆောင်ဖို့ရန်လည်း မဖြစ်နိုင်ပေ။
8. ပေါလုကဲ့သို့ပင် ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ ရူပါရုံအောက်တွင် ကျိုးပဲ့ခံရန် လိုအပ်ပြီး၊ ကိုယ်ခန္ဓာတော်၌ တည်ဆောက်ခံရရန် တစ်ခုတည်းသော နည်းလမ်းမှာ ကျိုးပဲ့ခံရရန်ဖြစ်ကြောင်း သိမှတ်နားလည်ရန် လိုအပ်သည် - တ၊၉း၁-၃၁။ ဧ၊၄း၁၆။

© 2026 Living Stream Ministry